ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အမိန့်ကြော်ငြာစာအမှတ်(၆ /၂၀၁၉)
၁၃၈၀ခုနှစ် တပို့တွဲလဆုတ် ၆ ရက်
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)အရ ဆောက်ပါစည်းကမ်းများကို နေပြည်တော်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာလိုက်သည်-

နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ(ရ)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)တို့အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လေလွင့်တိရစ္ဆာန်များထိန်းသိမ်းရေးဆိုင်ရာစည်းကမ်းများ

အမည်နှင့်အစပြုယိမ်းပေါ်ပြဋ္ဌာန်း

၁။ ဤစည်းကမ်းများတွင်ပါရှိသောစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်-

(က) နေပြည်တော်ကောင်စီဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်နေပြည်တော်ကောင်စီဥပဒေအရဖွဲ့စည်းထားသောကောင်စီကိုဆိုသည်၊

(ခ) နေပြည်တော်ကောင်စီနယ်မြေဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၈၄၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် ပြည်ထောင်စုနယ်မြေကိုဆိုသည်၊

(ဂ) ကော်မတီဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုဆိုသည်၊

(ဃ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ အာဏာပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကိုဆိုသည်၊

(င) မြို့တော်ဝန် ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ခန့်အပ်ထားသည့် ကော်မတီ၏ ဥက္ကဋ္ဌကိုဆိုသည်၊

(စ) ဌာနဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနကိုဆိုသည်၊

(ဆ) အဖွဲ့ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ ခွင့်ပြုချက်ဖြင့်ဖွဲ့စည်းသည့် " ကျွဲ၊ နွား၊ ဝက်တိရစ္ဆာန်များလူသွားလမ်း၊ ယာဉ်သွားလမ်း၊ ကော်မတီပိုင်စိုက်ခင်း၊ ကားလမ်းမများပေါ်မတက်ရောက်ရေးနှင့် လေလွင့်သွားလာနေသောတိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့" ကိုဆိုသည်၊

(ဇ) လေလွင့်တိရစ္ဆာန်ဆိုသည်မှာ ပိုင်ရှင်မပါဘဲသွားလာနေသော (သို့မဟုတ်) ပိုင်ရှင်ပါသော်လည်းကားလမ်းမများပေါ်နှင့် ကန့်သတ်ထားသောနေရာများတွင် သွားလာနေသော တိရစ္ဆာန် (ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်) အစရှိသည့်တိရစ္ဆာန်များကိုဆိုလိုသည်၊

(ဈ) တိရစ္ဆာန်မွေးမြူသူ ဆိုသည်မှာ တိရစ္ဆာန်များ(ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်) အစရှိသည့် တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင် (သို့မဟုတ်) စီးပွားဖြစ်မွေးမြူသူကိုဆိုသည်၊

(ည) တိရစ္ဆာန်ထောင် ဆိုသည်မှာ လေလွင့်တိရစ္ဆာန်များကို ခေတ္တဖမ်းဆီးထိန်းသိမ်းရန်အတွက် ကော်မတီမှ သတ်မှတ်ထားသောနေရာတွင် တည်ဆောက်ထားသော တိရစ္ဆာန်လှောင်ခြံ အဆောက်အဦကိုဆိုသည်၊

(ဋ) တရားစွဲဆိုခြင်း ဆိုသည်မှာ ကားလမ်းမပေါ်နှင့်ကန့်သတ်ထားသောနေရာများ၌ သွားလာနေသောတိရစ္ဆာန်များကို ဖမ်းဆီးရမိခြင်းအတွက် ပိုင်ရှင်ဖြစ်သူအား စည်ပင်သာယာတရားရုံးတွင် အဖွဲ့မှအရေးယူပေးနိုင်ပါရန်တရားစွဲဆိုခြင်းကိုဆိုသည်၊

(ဌ) ဒဏ်ကြေးငွေ ဆိုသည်မှာ ကားလမ်းမပေါ်နှင့်ကန့်သတ်ထားသောနေရာများ၌ သွားလာနေသောတိရစ္ဆာန်များကိုဖမ်းဆီးရမိခြင်းအတွက်ပိုင်ရှင်မှပေးဆောင်ရမည့်စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကိုဆိုသည်၊

(ဍ) ကျေးမွေးပြုစုစောင့်ရှောက်ခ ဆိုသည်မှာ လေလွင့်တိရစ္ဆာန်များအား တိရစ္ဆာန်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသည့်နေ့မှ ပိုင်ရှင်ဖြစ်သူအားပြန်လည်ထုတ်ပေးသည့်နေ့အထိ အစာကျွေးခြင်း၊ ထိန်းကျောင်းခြင်းများအတွက် တိရစ္ဆာန်အလိုက်သတ်မှတ်ထားသည့်(ခ)ရက်အတွက် သတ်မှတ်နှုန်းများကို ပိုင်ရှင်ဖြစ်သူမှပေးသွင်းရမည့် အခကြေးငွေကိုဆိုသည်၊

(ဎ) သယ်ယူပို့ဆောင်ခ ဆိုသည်မှာ လေလွင့်တိရစ္ဆာန်များအား ဖမ်းဆီးရမိသည့်နေရာမှ တိရစ္ဆာန်ထောင်သို့သယ်ယူပို့ဆောင်ခြင်းအတွက်ကျသင့်သော အခကြေးငွေကိုဆိုသည်၊

(ဏ) ပိုင်ရှင် ဆိုသည်မှာ တိရစ္ဆာန်မွေးမြူသူပိုင်ရှင်နှင့် ပိုင်ရှင်၏ဆက်ခံသူများ၊ ကိုယ်စားလှယ်လွှဲစာရရှိသူများကို ဆိုသည်။

ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၂။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သွားလာနေသောတိရစ္ဆာန်များကြောင့် လူများ၊ ယာဉ်များ အန္တရာယ်အယှက်မဖြစ်စေရေးအတွက် ကော်မတီသည် "ကျွဲ၊ နွား၊ ဝက် စသည့် တိရစ္ဆာန်များ ကားလမ်းမပေါ် မတက်ရောက်ရေးနှင့်လေလွင့်သွားလာနေသောတိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့"ကို ကော်မတီ၏ လျာထားမှုအပေါ် နေပြည်တော်ကောင်စီ၏အတည်ပြုချက်ရယူ၍ ဖွဲ့စည်းနိုင်သည်။ ကော်မတီ၏ လျာထားချက်အရ ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနအား အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ပြီး မြို့နယ်အဆင့်များအတွက် မြို့နယ်အလိုက် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ အဖွဲ့ခေါင်းဆောင် အဖြစ်ခန့်အပ်၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်စေရမည် -

(က) မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ကျွဲ၊ နွား၊ ဝက်စသည့်တိရစ္ဆာန်များ၊ လေလွင့်သွားလာနေသော တိရစ္ဆာန်များမရှိစေရေးကြိုးကြပ်ပေးခြင်း၊

(ခ) စည်းကမ်းမဲ့တိရစ္ဆာန်မွေးမြူမှုများ၊ လွတ်ကျောင်းမှုများအား လျော့နည်းပျောက်သွားရန် မြို့နယ်အဆင့်ရေးဆွဲထားသော ပညာပေးရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်အတွင်း စည်းကမ်းမဲ့မွေးမြူထားသော တိရစ္ဆာန်များ၊ လေလွင့်သွားလာနေသော တိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်းများအပေါ် တာဝန်ခံဆောင်ရွက်ခြင်း၊

(ဃ) မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း သတ်မှတ်မြေနေရာတွင် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူသူများအား စာရင်းကောက်ယူမှတ်တမ်းတင်ခြင်းများကို ကြီးကြပ်ခြင်း၊

(င) မိမိမြို့နယ်အတွင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ခွေးစသည့်တိရစ္ဆာန်များကြောင့် ယာဉ်မတော်တဆမှုအပါအဝင် ထူးခြားဖြစ်စဉ်များပေါ်ပေါက်လာပါက ဆောင်ရွက်ထားရှိမှုနှင့်အတူ မြို့နယ်အဆင့် ဖွဲ့စည်းမှုမှတဆင့် အထက်အဆင့်ဆင့်ဖွဲ့စည်းမှုအတိုင်း အချိန်နှင့်တပြေးညီ ဝင်ပြခြင်း၊

(စ) အာဏာပိုင်အဖွဲ့အစည်းအသီးသီးမှ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သီးခြားပေးအပ်ထားသော တာဝန်များနှင့် လိုအပ်ချက်များ တာဝန်ခံဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း။

၃။ ကော်မတီသည် "ကျွဲ၊ နွား၊ ဝက် စသည့် တိရစ္ဆာန်များ ကားလမ်းမပေါ်မတက်ရောက်ရေးနှင့် လေလွင့်သွားလာနေသောတိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့"နှင့် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပြင်ဆင်၊ ဖြည့်စွက်၊ ဖွဲ့စည်းနိုင်သည်။

အသိပညာပေးဆွေးနွေးခြင်း

၄။ အဖွဲ့အသီးသီးသည် လေလွင့်တိရစ္ဆာန်များ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ပြည်သူများသဘောပေါက်နားလည်၍ လိုက်နာနိုင်စေရေးအတွက် အောက်ပါအတိုင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရမည် -

(က) လေလွင့်တိရစ္ဆာန်များကြောင့် မြို့သာယာလှပမှုမထိခိုက်စေရေး၊ ယာဉ်အန္တရာယ်များမဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေးခြင်း၊

(ခ) တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းရှင်များအား ရပ်ကွက်ကျေးရွာအုပ်စုအလိုက် စုစည်း၍ မိမိတို့ပိုင်ဆိုင်သည့်တိရစ္ဆာန်များအားစနစ်တကျလွတ်ကျောင်းထိန်းသိမ်းရေး ပညာပေးဆွေးနွေးခြင်း၊

(ဂ) စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းရှင်များအားလည်း မိမိတို့ပိုင်ဆိုင်သည့် တိရစ္ဆာန်များအားလွတ်ကျောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းခြင်း မရှိစေရေး၊ ယာဉ်လမ်းကြောင်းများအပေါ် အနှောက်အယှက်မဖြစ်စေရေးတို့အတွက် စနစ်တကျဆောင်ရွက်ရေး ပညာပေးဆွေးနွေးခြင်း၊

(ဃ) လေလွင့်တိရစ္ဆာန်များအား ဖမ်းဆီးထိန်းသိမ်းခြင်း၊ အရေးယူခြင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူများ သိရှိနိုင်ရေး သင့်တော်သည့်နည်းလမ်းများဖြင့် ကြေညာပေးခြင်း။

တိရစ္ဆာန်များဖမ်းဆီးထိန်းသိမ်းခြင်း

၅။ လမ်းမကြီး ဝဲ/ယာနှင့် လမ်းမများပေါ်သွားလာနေသော တိရစ္ဆာန်များ၊ ကန့်သတ်ထားသော နေရာများတွင် သွားလာနေသောတိရစ္ဆာန်များ၊ သတ်မှတ်ဇရိယာပြင်ပလွတ်ကျောင်းထားသော တိရစ္ဆာန်များနှင့် ပိုင်ရှင်မဲ့သွားလာနေသောတိရစ္ဆာန်များအား လေလွင့်တိရစ္ဆာန်အဖြစ်သတ်မှတ်ပြီး အဖွဲ့များမှ ဖမ်းဆီးထိန်းသိမ်းရမည်။

၆။ "ကျွဲ၊ နွား၊ ဝက် စသည့် တိရစ္ဆာန်များ ကားလမ်းမပေါ်မတက်ရောက်ရေးနှင့် လေလွင့်သွားလာနေသောတိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့"သည် -

(က) ယာယီတိရစ္ဆာန်ထောင်အား ကော်မတီပိုင်အသားထုတ်လုပ်ရေးနယ်မြေဝင်းအတွင်း ထားရှိပြီး အမြဲတမ်းတိရစ္ဆာန်ထောင်အား နေရာအတည်ပြုသတ်မှတ်ပြီးချိန်တွင် ယာယီတိရစ္ဆာန်ထောင်မှ အမြဲတမ်းတိရစ္ဆာန်ထောင်သို့ ပြောင်းရွှေ့ဖမ်းဆီးထိန်းသိမ်းရမည်၊

(ခ) ယာယီတိရစ္ဆာန်ထောင်တွင် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ တိရစ္ဆာန်ထောင်မှူးအဆင့်ရှိ ဝန်ထမ်းများအား တာဝန်ခံအဖြစ်ခန့်အပ်ရမည်၊

(ဂ) ဖမ်းဆီးရမိသည့် တိရစ္ဆာန်များသယ်ဆောင်ခနှင့် တိရစ္ဆာန်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း အစာရေစာတိုက်ကျွေးစရိတ်နှုန်းထားများကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ရမည်။

၇။ တိရစ္ဆာန်ထောင်မှူးသည် ဖမ်းဆီးလာသော တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဖမ်းဆီးထားသော တိရစ္ဆာန်များနှင့်ပတ်သက်၍ မှတ်ပုံတင်စာအုပ်တွင် အောက်ပါအချက်အလက်များကို ရေးသွင်းရမည် -

(၁) တိရစ္ဆာန်အရေအတွက်၊ အမျိုးအမည်၊ အရောင်၊ ပုံပန်းသဏ္ဌာန်၊ အရွယ်အစားနှင့် ခန့်မှန်းအသက်အခြေအနေ၊

(၂) ဖမ်းဆီးသည့် နေ့ရက်နှင့် အချိန်၊

(၃) ပိုင်ရှင်၏အမည်နှင့် နေရပ်လိပ်စာ (သိရှိလျှင်)၊

(၄) ဖမ်းဆီးသည့်အဖွဲ့(သို့မဟုတ်)ဖမ်းဆီးသူအမည်၊

(၅) ဖမ်းဆီးခဲ့သည့်မြို့နယ်။

(ခ) အပိုဒ်ခွဲ(က)ပါရေးသွင်းချက်မိတ္တူကို ဖမ်းဆီးသူအား ပေးအပ်ရမည်၊

(ဂ) ဖမ်းဆီးထိန်းသိမ်းထားသော တိရစ္ဆာန်များအား ဖမ်းဆီးထိန်းသိမ်းထားသည့် ကာလအတွင်း သတ်မှတ်ထားသောနှုန်းထားများအတိုင်း အစာရေစာကိုတိုက်ကျွေးခြင်း၊ စောင့်ရှောက်ခြင်း ပြုရမည်၊

(ဃ) သတ်မှတ်ထားသည့် တိရစ္ဆာန်များအစာရေစာတိုက်ကျွေးစရိတ်နှုန်း၊ သယ်ဆောင်ခနှုန်းတို့ကို တိရစ္ဆာန်ထောင်(သို့မဟုတ်)တိရစ္ဆာန်ထောင်အနီး အများပြည်သူ မြင်သာသည့် နေရာ၌ ကပ်ထားရမည်။

၈။ မည်သူမဆို နေပြည်တော်ကောင်စီနယ်မြေအတွင်း အများပြည်သူပိုင်လမ်းမကြီးများ၊ ပန်းဥယျာဉ်၊ ပန်းခြံ၊ ကွက်လပ်မြေနေရာ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများ၊ ဌာနဆိုင်ရာပိုင်ဆိုင်သည့်နေရာ၊ ပုဂ္ဂလိကပိုင်နေရာ၊ အဆောက်အအုံ၊ ပစ္စည်းတို့ကို ပျက်စီးအောင်ပြုသည့် (သို့မဟုတ်) ကျော်နင်းဝင်ရောက်သည့် တိရစ္ဆာန်များကိုဖမ်းဆီးရန် မြို့နယ်အဖွဲ့များသို့ သတင်းပေးပို့ တိုင်ကြားလာပါက မြို့နယ်အဖွဲ့မှ သွားရောက်ဖမ်းဆီးနိုင်သည်။

၉။ ပိုင်ရှင်ကသော်လည်းကောင်း၊ အခြားတစ်ဦးဦးကသော်လည်းကောင်း ဖမ်းဆီးခြင်းကို ခုခံလျှင်ဖြစ်စေ၊ ဖမ်းဆီးထားရာမှ အဓမ္မနည်းဖြင့်ပြန်ယူလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများ၏ အကူအညီကိုရယူနိုင်သည် (သို့မဟုတ်) ပြည်သူ့ရဲတပ်ဖွဲ့၏အကူအညီကို ရယူနိုင်သည်။

၁၀။ ဖမ်းဆီးထားသည့် တိရစ္ဆာန်များကို (၂၄)နာရီအတွင်းသက်ဆိုင်ရာ တိရစ္ဆာန်ထောင်သို့ ပို့ဆောင်ရမည်။

ကန့်သတ်

၅

၁၁။ ဖမ်းဆီးထိန်းသိမ်းထားသော တိရစ္ဆာန်သည် လယ်ယာမြေကိုလုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲ၊ နွား တိရစ္ဆာန်ဖြစ်ပါက ပိုင်ရှင်ကခံဝန်ချုပ်ပြုလုပ်၍တောင်းခံလျှင် မြို့နယ်အဖွဲ့မှ ယင်း ကျွဲ၊ နွား တိရစ္ဆာန်ကို ချက်ခြင်းပြန်လည်ပေးအပ်ရမည်။ ယင်းသို့ပြန်လည်ပေးအပ်ခြင်းသည် တရားစွဲဆိုခြင်း၊ ကုန်ကျစရိတ်တောင်းခံခြင်းတို့နှင့် ပတ်သက်မှုမရှိစေရ။

၁၂။ အပိုဒ်(၁၁)နှင့်အကျုံးမဝင်သော ဖမ်းဆီးထိန်းသိမ်းထားသည့် တိရစ္ဆာန်များကို ပိုင်ရှင်ကတောင်းခံလျှင် ကျသင့်သောစရိတ်များကို ပေးဆောင်စေပြီးမှ ပြန်လည်ပေးအပ်ရမည်။

၁၃။ ဖမ်းဆီးထားသည့် တိရစ္ဆာန်ကို ပထမ(၁၄)ရက်အတွင်း တောင်းခံသူမရှိပါက မြို့နယ်အဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဖမ်းဆီးထားသော တိရစ္ဆာန်အရေအတွက်၊ အမျိုးအစား၊ အရောင်နှင့် ပုံပန်းသဏ္ဌာန်၊ ဖမ်းဆီးသောနေရာ၊ ထိန်းသိမ်းထားသောနေရာများကိုဖော်ပြသည့် ကြော်ငြာစာကို အများပြည်သူမြင်သာသော နေရာတွင်ကပ်ရမည်၊

(ခ) အခြားသင့်လျော်သည့် နည်းများဖြင့်လည်း အများပြည်သူသိရှိရန် ကြေညာပေးရမည်၊

(ဂ) ထိုသို့ ဆောင်ရွက်ပြီးနောက် ဒုတိယ(၁၄)ရက်အတွင်း ထပ်မံ၍ ပိုင်ရှင်ပေါ်ပေါက်ခြင်းမရှိပါက လေလံတင်ရောင်းချပြီးရငွေအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေစာရင်းသို့ ယာယီပေးသွင်းထားရှိရမည်။ လေလံတင်ရောင်းချပြီးချိန် ပိုင်ရှင်ပေါ်ပေါက်လာပါက ရောင်းချခြင်းရငွေမှ အခြားစရိတ်များနှုတ်ယူပြီးကျန်ငွေအား ပိုင်ရှင်သို့ စာရင်းနှင့်အတူ ပြန်လည်ပေးအပ်ရမည်။

၁၄။ ဖမ်းဆီးထားသောတိရစ္ဆာန်များအတွက် နေပြည်တော်စည်ပင်သာယာရေး ဥပဒေအရ တရားစွဲ၍ ဌာနမှ ပြုစုစောင့်ရှောက်ခနှင့် သယ်ပို့ခတို့ကို အောက်ပါနှုန်းထားများအတိုင်းကောက်ခံမည်-

(က) ကျွဲ၊ နွား၊ မြင်း တစ်ကောင်လျှင် -

(၁) ပြုစုစောင့်ရှောက်ခ (တစ်ရက်လျှင်) ၅,၀၀၀ ကျပ်၊
(၂) သယ်ပို့ခ ၅,၀၀၀ ကျပ်၊

(ခ) ၁က်၊ သိုး၊ ဆိတ်၊ ဝွေးတစ်ကောင်လျှင် -

(၁) ပြုစုစောင့်ရှောက်ခ (တစ်ရက်လျှင်) ၃,၀၀၀ ကျပ်၊
(၂) သယ်ပို့ခ ၃,၀၀၀ ကျပ်၊

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) ပါနှုန်းထားများကို သင့်လျော်သလို ပြင်ဆင်နိုင်သည်။

ပိုင်ရှင်ပေါ်ပေါက်ပြီးပြန်လည်ရွေးယူခြင်းမရှိသည့် တိရစ္ဆာန်များနှင့်ပတ်သက်၍ဆောင်ရွက်ခြင်း

၁၅။ ဖမ်းဆီးထိန်းသိမ်းထားသော တိရစ္ဆာန်များအား(၇)ရက်အတွင်း လာရောက်ရွေးနှုတ်ခြင်းမရှိပါက တိရစ္ဆာန်ထောင်မှူးသည် အခြေအနေကို သက်ဆိုင်ရာမြို့နယ်အဖွဲ့မှတစ်ဆင့် ကော်မတီမှဖွဲ့စည်းပေးထားသော အဖွဲ့သို့ အဆင့်ဆင့်တင်ပြရမည်။ အဆိုပါ(၇)ရက်သတ်မှတ်ခြင်းကို တိရစ္ဆာန်အား ဖမ်းဆီးပြီးနောက် အစောဆုံးရုံးဖွင့်ရက်မှ စတင်ရေတွက်ရမည်။

၁၆။ (၁၄)ရက်ကျော်လွန်ပြီးသည်အထိ လာရောက်ရွေးနှုတ်ခြင်းမရှိသော တိရစ္ဆာန်များအား သက်ဆိုင်ရာတရားရုံးတွင်တရားစွဲဆိုပြီး ဆုံးဖြတ်ချက်ရယူ၍ အဖွဲ့အနေဖြင့် လေလံတင်ရောင်းချရမည်။ လေလံတင်

ဆောင်းရွက်ရမည့်အစား တရားရုံးသတ်မှတ်ဒဏ်ကြေးငွေနှင့် အပိုဒ်(၁၄)ပါ စရိတ်များအား ခန့်မှန်းပေးသွင်း၍ ကျန်ပိုင်ငွေ ရှိသေးက အဆိုပါတရားရုံးသို့ လွှဲပြောင်းပေးရမည်။

၁၇။ လေလံတင်ရောင်းချမည်ကို ပိုင်ရှင်ဖြစ်သူအား ကြိုတင်အကြောင်းကြားရမည်။ လေလံတင်ရောင်းချသည့်ရက်မတိုင်မီ (၁)ရက်အလို ပိုင်ရှင်ကလာရောက်၍ တရားရုံးမှတပ်ရိုက်သည့်ဒဏ်ငွေနှင့် စရိတ်များကို ပေးဆောင်လျှင် ဖမ်းဆီးထိန်းသိမ်းထားသောတိရစ္ဆာန်ကို ထိုသူအားပြန်ပေးရမည်။

၁၈။ လေလံတင်ရောင်းချသည့်အခါ သတ်မှတ်ထားသောကြမ်းခင်းဈေးကိုမရရှိပါက ကော်မတီမှ ဖွဲ့စည်းပေးထားသောအဖွဲ့သည် ဖမ်းဆီးထိန်းသိမ်းထားသောတိရစ္ဆာန်များကို သင့်လျော်သလို ထုခွဲရောင်းချနိုင်သည်။

၁၉။ အဖွဲ့မှ ဖမ်းဆီးခဲ့သော တိရစ္ဆာန်များသည် စတင်ဖမ်းဆီးသည့်ရက်မှ (၁၄)ရက်အတွင်း စောင့်ဆိုင်းသော်လည်း ပိုင်ရှင်မပေါ်ပေါက်ခြင်း၊ လာရောက်ရွေးနှုတ်ခြင်းများမရှိပါက အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် အဖွဲ့ပိုင်ဖြစ်ကြောင်းကြေညာပြီး ကြေညာချက်ထုတ်ပြန်ချိန်မှ (၁၄)ရက်ပြည့်မြောက်လျှင် လေလံတင်ရောင်းချ၍ ကော်မတီ၏ရငွေစာရင်းသို့ ပေးသွင်းရမည်။ လေလံတင်ရောင်းချနိုင်ခြင်းမရှိပါက အပိုဒ်(၁၈)ပါအတိုင်း ဆောင်ရွက်ရမည်။

တားမြစ်ချက်များနှင့်အရေးယူခြင်း

၂၀။ မည်သူမဆို ဤစည်းကမ်းပါ ပြဋ္ဌာန်းချက်နှင့်အညီ လေလွင့်တိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းရာတွင် ကိုယ်ထိလက်ရောက်ခုခံခြင်း (သို့မဟုတ်) အားပေးကူညီခြင်း (သို့မဟုတ်) အားထုတ်ခြင်းပြုလျှင်ဖြစ်စေ၊ ကျွဲ၊ နွား တိရစ္ဆာန်ထောင်သို့ပို့ရာတွင်လည်းကောင်း၊ ကျွဲ၊ နွားတိရစ္ဆာန်ထောင်မှသော်လည်းကောင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များကို လွတ်မြောက်အောင်ပြုလုပ်ခြင်း (သို့မဟုတ်) အားပေးကူညီခြင်း (သို့မဟုတ်) အားထုတ်ခြင်းပြုလျှင်ဖြစ်စေ ထိုသူအား နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရ အရေးယူခြင်းခံရမည်။

၂၁။ တိရစ္ဆာန်များ၏ပိုင်ရှင်သည် ယင်းတိရစ္ဆာန်များကြောင့် သီးနှံစိုက်ပျိုးထားသော လယ်ယာမြေ၊ သတ်မှတ်ထားသောနေရာ၊ အဆောက်အအုံ၊ ပစ္စည်းတို့ကို ပျက်စီးစေကြောင်း စစ်ဆေးတွေ့ရှိလျှင် အထွေထွေပျက်စီးတန်းဘိုးအား ပေးလျော်ရမည်။

၂၂။ စည်းကမ်းအပိုဒ်(၁၇)ပါ ပြဋ္ဌာန်းချက်ကို အခြားသူတစ်ဦးဦးမှ မရိုးမဖြောင့်သောသဘောဖြင့် ဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရ အရေးယူခြင်းခံရမည်။

၂၃။ ဤစည်းကမ်းပါပြဋ္ဌာန်းချက်သည် တိရစ္ဆာန်များကျော်နင်းမှုကြောင့်ဖြစ်ပေါ်သည့် ဆုံးရှုံးမှုအတွက် ဆုံးရှုံးနစ်နာသူမှမကျေနပ်၍ တရားမမှုစွဲဆိုခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

အထွေထွေ

၂၄။ ကော်မတီမှဖွဲ့စည်းပေးထားသောအဖွဲ့သည် ကောက်ခံရရှိသော အပိုဒ်(၁၄)ပါ အခကြေးငွေနှင့် အခြားစရိတ်များကို သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်းစေပြီး တိရစ္ဆာန်ဖမ်းဆီးထိန်းသိမ်းခြင်းအတွက် သုံးစွဲကုန်ကျသည့် ငွေစာရင်းများကို လိုအပ်သည့်ပြေစာများနှင့်တကွ တင်ပြတောင်းခံလာပါက မှတ်တမ်းထားရှိ ထုတ်ပေးရမည်။

၂၅။ ဖမ်းဆီးအရေးယူချိန်နှင့် သတ်မှတ်နေရာတွင် ထိန်းသိမ်းထားရှိချိန်၌ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်း၏ သဘောရိုးဖြင့်ဆောင်ရွက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့်တိရစ္ဆာန်တွင် တစ်စုံတစ်ရာထိခိုက်၊ ပျက်စီး၊ ဆုံးရှုံး၊ သေဆုံးမှုဖြစ်ပေါ်ခြင်းအတွက် ကော်မတီနှင့် အဆိုပါဝန်ထမ်းအပေါ်တွင် တာဝန်မရှိစေရ။

၂၆။ ဤစည်းကမ်းပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ကော်မတီသည် လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ကန့်သတ်

၂။ ဤဆီးနှင်းကြော်ငြာစာသည် ဤကိန်းနှင့်ဝပ်လျဉ်း၍ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အတည်ဖြစ်ဆဲရမည်။

(ပုံ)ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စာအမှတ်၊ ခစ၁၀၇ /၂-၃/ နပတ (ကော်မတီ)
ရက် စွဲ ၊ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၈၈ ရက်
ဖြန့်ဝေခြင်း
နေပြည်တော်ကောင်စီ
ညွှန်ကြားရေးမှူးရုံးပါ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန { မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ }
(ပြန်ကြားရေးဝန်ကြီးဌာန)
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ (ဥတ္တရခရိုင်၊ ဒက္ခိဏခရိုင်)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ( )
ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ( )
ကြော်ငြာသင်ပုန်း
စိတ္တူကို
ကော်မတီဝင်များ( )
ဌာနကြီးမှူးများ ( )
ဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ( )
မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများအားလုံး( )
လက်ခံစာတွဲ
မှတ်စာတွဲ

အမိန့်အရ

(မျိုးအောင်၊ အမြဲတမ်းအတွင်းဝန်)